# စကားဦး

တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမယ်ထင်တယ်။ ဒီနေ့ ဖေဖော်ဝါရီ ၁၃ ရက်၊ ၂၀၂၂။ ကျနော် အကျဉ်းထောင်ကလွတ်တာ နှစ် ၂၀ ပြည့်တဲ့နေ့။ ကျနော့်ရဲဘော် ကျော်မင်းယု မွေးနေ့။ ကျနော်ချစ်ခင်ရိုသေလေးစားရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့။ သူ့ကိုဂုဏ်ပြုပြီး ကလေးများနေ့လို့ သတ်မှတ်ထားတဲ့နေ့။

ဒီနေ့ မနက်အိပ်ရာ နိုးထချိန် ထုံးစံအတိုင်း အွန်လိုင်းဝင်၊ ဖေ့ဘွတ်စ်ဖွင့် အီးမေးလ်စစ်။ ပုဂ္ဂိုလ်တွေ ပညာပြထားလို့ ဖုန်းပေါ်မှာ အဝိုင်းလည်နေပြန်တယ်။ ပထမဆုံးပွင့်လာတာက အီးမေးလ်။ ရတာပဲအရင်ဖွင့်လိုက်တာပါ။ ပထမဆုံးတွေ့ရတဲ့ မေးလ်တွေထဲက စန်းမွန်အောင် ပို့လာတာကို ဖွင့်လိုက်တယ်။

Minn Lu Magazine Sample တဲ့။ ငါတို့စာပေက ဆရာမြေမှုန်လွင်ပြောထားတဲ့ ဆရာမင်းလူရဲ့ စာအုပ်အညွှန်း ဖတ်ကြည့်ပါဆိုတာတွေကို စုစည်းထားတဲ့ စာမူတွေဖြစ်တယ်။ ဒီစုစည်းမှုကို တွေ့ရတော့ ကိုယ်တို့လုပ်ခဲ့ဖူးတာတွေက အခုအခါမှာ စာပေလောကအတွက် အခန်းကဏ္ဍတစ်ခုမှာ ရှိနေပြီလို့ သိရတော့ ကျေနပ်မိတယ်။

ဒါပေမဲ့လည်း ကျေနပ်နေရုံနဲ့ မရ။ ကိုယ်တို့ လုပ်ခဲ့တာတွေအတွက် ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာမင်းလူကိုယ်စား ပြောရမယ့်စကားတွေ ရှိနေပြန်တယ်။ (သူလုပ်ခဲ့တာတွေ ကိုယ်လုပ်ခဲ့တာပါလို့ ပြောရဦးမှာပေါ့)

၂၀၀၂ ဖေဖော်ဝါရီ ၁၃ ရက်နေ့ ၄ နာရီမှာ သာယာဝတီ အကျဉ်းထောင်က လွတ်ပါတယ်။ အမေ့အိမ်ကို ည ၉ နာရီကျော်လောက် ရောက်တယ်။ (ပျော်ရွှင်စရာ ဓာတ်ပေါင်းခန်းတော့ မဟုတ်) နောက်နေ့မနက် ၁၀ နာရီလောက် ကိုမင်းလူကျနော့်ဆီ ရောက်လာတယ်။ သူ့ထုံးစံအတိုင်း၊ မပြုံးဖြဲသို့ ပြုံးဖြဲသို့။

လက်ထဲမှာ ဓာတ်ခဲနာရီလေးတစ်လုံးနဲ့ ရေဆူဆေးပြားဘူးလေးတစ်ဘူး၊ သွေးဆေးတစ်ထုပ်၊ ဘောပင်တစ်ချောင်း။ အနားလာပြီး အိမ်ကလူတွေ မမြင်အောင်ပေးတယ်။ (ဘာကြောင့်မှန်းမသိ) နောက်တော့ တိုးတိုးနှစ်ကိုယ်ကြား ပြောတယ်။ ‘ကျနော့်မှာ ပိုက်ဆံရှိတယ်။ ခင်ဗျားလိုသလို သုံးလို့ရတယ်’တဲ့။

ကိုယ်ကိုယ်တိုင်က မနေ့ကမှ ထောင်ကလွတ်၊ လက်ထဲမှာ ပိုက်ဆံတစ်ပြားမျှမရှိ။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတဲ့ ထောင်ထွက်တစ်ယောက်အတွက်တော့ ကောက်ရိုးတစ်မျှင်လိုပါပဲ။ သူကိုယ်တိုင် ထောင်ထွက်တစ်ယောက်ဖြစ်ခဲ့ဖူးတာမို့ ကျနော့်လိုအပ်ချက်ကို စာနာတာဖြစ်မှာပါ။

ဒီလိုနဲ့ စာပေလောကထဲကို ပြန်ရောက်ပါတယ်။ ခေါ်လိုပြောလိုသူ၊ မခေါ်လို မပြောလိုသူတွေအကြား ဖြတ်သန်းရင်း အမည်ခံခွင့်မရှိတဲ့ အယ်ဒီတာဘဝကို ရောက်ခဲ့တယ်။ ဖူးငုံဆယ်ကျော်သက်၊ teen magazine ကို အမည်ခံခွင့်မရှိ အယ်ဒီတာအဖြစ် တာဝန်ယူရချိန်မှာ ကျနော့် ရဲဘော်ရဲဘက်တွေဖြစ်တဲ့ မသီတာ (စမ်းချောင်း)၊ ကိုမင်းလူနဲ့အတူ အခြားလုပ်ဖော်ကိုင်ဘက်တွေက ဝိုင်းဝန်းခဲ့ကြတယ်။

လုပ်ဖော်ကိုင်ဘက်တွေဆိုတာက ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာဘဝမှာ တွဲခဲ့ကြသူတွေဆိုတာထက် ၁၉၈၈ လူထုလှုပ်ရှားမှုကြီးအပြီးမှာ ကျနော်တာဝန်ယူစီစဉ်တည်းဖြတ်ခဲ့ရတဲ့ ကာလအစိတ်အပိုင်းသေးသေးလေးမှာ ဝန်းရံခဲ့ကြသူတွေလို့ ပြောပါရစေ။ အဲဒီကာလသေးသေးလေးမှာ ပေဖူးလွှာမဂ္ဂဇင်းဟာ အပြောင်းအလဲတွေ အများကြီးလုပ်ခဲ့ပါတယ်။ (အဲဒီကာလ ပေဖူးလွှာမဂ္ဂဇင်းတွေ ပြန်ကြည့်နိုင်ပါတယ်)၊ အဲဒီမဂ္ဂဇင်းမှာ ကလောင်ငယ်ဆိုတဲ့ စာမျက်နှာတစ်ခု ဖွင့်ခဲ့ပါတယ်။ အဲဒါက နောင်အခါ ရွှေအမြုတေမဂ္ဂဇင်းမှာ ရွှေအသစ်ဆိုတဲ့ကဏ္ဍ ဖော်ထုတ်နိုင်ခြင်းရဲ့ ရှေ့ပြေးပါ။ ကလောင်ငယ်စာမျက်နှာလို့ အမည်ပေးခဲ့တဲ့ ကဏ္ဍကို ဆရာမင်းလူက တာဝန်ယူပါတယ်။ ကလောင်ငယ်စာမျက်နှာမှာ စာစီစာပြု၊ ပန်းချီဒီဇိုင်းက အစ မျိုးဆက်သစ် (၈၈ မျိုးဆက်)တွေကို ဆရာမင်းလူက သုံးပါတယ်။ ဖော်ပြခဲ့တဲ့ ဝတ္ထုတွေ၊ ကဗျာတွေက ၈၈ စိတ်ဓာတ်ကို အခြေပြုတဲ့ စာမူတွေဖြစ်ပါတယ်။

သို့သော်လည်းပဲ ပေဖူးလွှာမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာအဖြစ် ၄ လမျှ တာဝန်ယူပြီးချိန်မှာ ကျနော်နဲ့အတူ ကိုမင်းလူပါ တပ်မတော်ပြုကွဲအောင်ပြုလုပ်တယ်ဆိုကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဟန့်တားမှုများအားကာကွယ်သည့် ဥပဒေပုဒ်မ ၅(ည) ဖြင့် စစ်ခုံရုံးမှာ တရားစွဲဆိုတင်ပို့ပြီး ထောင်ဒဏ် ၇ နှစ်စီ ချမှတ်ခံရကာ နရသိမ်စံဘဝ ရောက်ကြရပါတယ်။

အကျဉ်းထောင်ထဲမှာ စိတ်ကူးအိပ်မက်တွေ မက်ကြတယ်။ အထူးသဖြင့် လူငယ်တွေရဲ့ အသံတွေ နားထောင်ကြရတယ်။ ဂျင်မီ၊ ငွေးကြွယ်၊ ဖြိုးမင်းသိန်း၊ အောင်မျိုးတင့်၊ ရဲလေး၊ မြတ်ထွန်း၊ မျိုးဇော်သိန်း အစရှိတဲ့ လူငယ်တွေက လက်ရှိမြန်မာစာပေလောက သုံးသပ်ချက်တွေ လုပ်ကြတယ်။ ဝေဖန်ရေး လေကန်ရေးတွေ လုပ်ကြတယ်။ (ကြောက်စရာကြီးပဲ)

သူတို့ခေတ်က တောင်းတာတွေကဘာတွေလဲဆိုတာပြောကြတယ်။ ၁၉၉၀ ကျော် ကာလတွေဆိုတော့ Existentialist တွေဖြစ်နေတယ်။ Postmodern ကိုလည်း ဆွေးနွေးကြတယ်။ မြန်မာမဂ္ဂဇင်းတွေလမ်းကြောင်းဟာ ခေတ်စမ်းစာပေမှာပဲ ရှိသေးကြောင်း စွပ်စွဲတယ်။ ကမ္ဘာက ဘာဖြစ်ညာဖြစ် ပြောကြတယ်။ ဆရာမင်းလူကတော့ ဒိုင်ခံဖြေရှင်းတယ်။ ကျနော်တို့ခြင်းကတော့ အေးဆေးဆွေးနွေးပြီး ခေတ်ရဲ့တောင်းဆိုမှုက ဘာလဲဆိုတာသုံးသပ်ကြရတယ်။ (တကယ်တော့ မျက်မမြင် ဆင်စမ်းကြရသလိုပါပဲ ကျနော်တို့မှာ ဘာအကိုးအကားမျှမရှိပါဘူး။ ကိုယ်ပြောတာ သူမဖြေနိုင်ရင် ဆေးလိပ်မီးကောက်ညှိလိုက်သလို သူမေးတာ ကိုယ်မပြောနိုင်ရင်လည်း ဆေးလိပ်မီးကောက်ညှိလိုက်တာပါပဲ။ ဆေးပေါ့လိပ် ဒီပလိုမေစီလို့ ပြောရမလား) ဒီလိုနဲ့ ကာလရှည်ကြာတစ်ခု ကျော်လွန်ပြီးတော့ ကိုမင်းလူ အကျဉ်းထောင်က လွတ်။ နောက်ထပ် ဆယ်စုနှစ် တစ်ခုကြာပြီး ကျနော်အကျဉ်းထောင်က လွတ်။ စာပေလောကထဲ တစ်ကျော့ပြန်ရောက်ကြရတယ်။

အဲဒီမှာ အမည်မခံ အယ်ဒီတာတွေအဖြစ် ဖူးငုံဆယ်ကျော်သက် မဂ္ဂဇင်း (teen magazine) ကို စာပေလောကထဲ တင်သွင်းခဲ့ကြတယ်။ ကျနော်နဲ့အတူ မသီတာ(စမ်းချောင်း)၊ ကိုမင်းလူတို့က ခေတ်လူငယ်တွေရဲ့ တောင်းဆိုမှုကို အခြေပြုပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အားထုတ်ခဲ့ကြတယ်။ ဆရာမင်းလူက ၁၉၉၀ ပေဖူးလွှာမဂ္ဂဇင်းမှာ သူဖန်တီးခဲ့တဲ့ ကလောင်ငယ်စာမျက်နှာကို ဖူးငုံပွင့်သစ်စာမျက်နှာတွေအဖြစ် ဖန်တီးစေပြီး သူကိုယ်တိုင်ကတော့ လူငယ်မျိုးဆက်သစ်တွေ ဖတ်ရမယ့်စာအုပ်တွေကို ရည်ညွှန်းတဲ့ ဖတ်ကြည့်ပါ စာမျက်နှာတွေကို ဖန်တီးပါတယ်။ ဒီစာမျက်နှာတွေဟာ သူကိုယ်တိုင် လူငယ်တွေကြားမှာနေရင်းက လူငယ်တွေ မဖတ်ရသေးတဲ့ ဖတ်သင့်ဖတ်ထိုက်တဲ့ စာအုပ်တွေကို ရွေးချယ် ရည်ညွှန်းခဲ့တာပါ။ ဆရာမင်းလူက ပြည်သူကြားမှာ မထင်မရှားနေလိုသူပါ။ ဒါကြောင့် အဲဒီစာမူတွေရေးတဲ့အခါ သူ့ကလောင်နာမည် မသုံးဘဲ အဲဒီကာလမှာ အကျဉ်းကျနေဆဲဖြစ်တဲ့ မင်းကိုနိုင်ကိုဂုဏ်ပြုပြီး မင်းကိုဉာဏ်လို့ သုံးခဲ့ဟန်ရှိပါတယ်။ (ထောင်ကျမယ့်ကိစ္စမှာတော့ သူရေးတဲ့ ကဗျာပါလို့ ဇွတ်ကို ဝန်ခံခဲ့သူပါ) မင်းကိုဉာဏ်ကလောင်အမည်နဲ့ရေးခဲ့တဲ့ ဖတ်ကြည့်ပါ စာမူတွေကို ကွယ်လွန်သူ စာရေးဆရာအတ္တကျော်က လူငယ်တွေအတွက် ရည်ရွယ်ပြီး သူ့စာအုပ်တိုက်ကနေ ဆရာမင်းလူကလောင်နာမည်နဲ့ပဲ ထုတ်ဝေဖို့ စီစဉ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ စီစဉ်နေဆဲကာလမှာပဲ ဆရာအတ္တကျော် ကွယ်လွန်သွားတဲ့အတွက် စာဖတ်သူတွေဆီကို စာအုပ်အဖြစ် မရောက်ခဲ့ပါဘူး။ အခုကာလမှာ ငါတို့စာပေက ဆရာမြေမှုန်လွင်က လက်ဆင့်ကမ်းယူလာပြီး စာအုပ်အဖြစ် စီစဉ်ထုတ်ဝေလိုက်တာဖြစ်ပါတယ်။

ဆရာမင်းလူရည်ညွှန်းခဲ့တာ စာအုပ် ၈၁ အုပ် ရှိပါတယ်။ နိုင်ငံတကာမှာတော့ မသေခင်ကြည့်ရမယ့် ရုပ်ရှင်တို့၊ မသေခင်ဖတ်ရမယ့် စာအုပ်တစ်ရာ၊ စာအုပ်တစ်ထောင် စသဖြင့် ညွှန်းလေ့ရှိတယ်။ ကိုမင်းလူကတော့ အဲလိုမပြောပါ။ (ဒီစာအုပ်တွေဖတ်ပြီး သေလို့ရပြီလို့လည်း မဆိုခဲ့ပါ။) သို့သော်လည်း မြန်မာလူငယ်တွေအနေနဲ့ ကိုမင်းလူမျှဝေခဲ့တဲ့ သူ့ရဲ့အတွေ့အကြုံ အတွေးအကြံတွေနဲ့ ဖတ်ကိုဖတ်ရမယ့် စာအုပ်တွေအဖြစ် ညွှန်းဆိုထားတာတွေကို ဖတ်ဖြစ်အောင်ဖတ်ကြည့်ပါ။

ဂျင်နရေးရှင်းဇီ (Generation Z) ကိုလည်း လက်ဆင့်ကမ်းလိုက်ပါလို့ အမှာစကား ပါးပါရစေ။

ချစ်ခင်စွာ

**မျိုးမြင့်ညိမ်း**

၁၃ ရက်၊ ဖေဖော်ဝါရီ၊ ၂၀၂၂။